## မဂ္ဂင်ကျောင်းသံဃာတော်များကိုလက်မခံရန် အခြားကျောင်းတိုက်များကို အာဏာပိုင်များ အမိန့်ပေးထား
၃၀ နိုဝင်ဘာ ၂၀၀၇

မဂ္ဂင်ကျောင်းတိုက်က မောင်းထုတ်ခံခဲ့ရတဲ့ သံဃာတော်တွေ လောလောဆယ်မှာတော့ နားခိုစရာနေရာ ရရှိသွားကြပါပြီ။ ဒါပေမယ့် ရှေ့ဆက်ပြီး ဘယ်မှာသီတင်းသုံးရမယ်ဆိုတာ မပြောနိုင်ကြသေးပါဘူး။ မဂ္ဂင်ကျောင်းတိုက်ကိုတော့ အာဏာပိုင်တွေက သော့ခလောက်ခတ် ချိတ်ပိတ်ထားလိုက်ကြပါပြီ။ အသေးစိတ်ကို ဒေါ်အေးအေးမာက အစီရင်ခံထားပါတယ်။

မြန်မာအာဏာပိုင်တွေက မဂ္ဂင်ကျောင်းကို မနေ့က ချိတ်ပိတ်လိုက်ပြီးတဲ့နောက် ဆရာတော်တစ်ပါးနဲ့ ကိုရင် ခြောက်ပါးတို့ဟာ ည ၈ နာရီကျော်ထိ ဘယ်သွားရမှန်းမသိဘဲ ၁၄-၁၅ လမ်းဆုံနေရာမှာ အထုတ်တွေချပြီး နေထိုင်နေရပါတယ်၊ ဒါကိုမြင်တွေ့ရသူတွေက စိတ်မကောင်းဖြစ်ပေမယ့်လည်း အဖမ်းခံရမှာကိုစိုးရမ်ပြီး ဘယ်သူကမှ မခေါ်ရဲတဲ့အခြေအနေမှာ ဖြစ်ခဲ့ရပါတယ်။ မနေ့ညက မျက်မြင်တွေ့ရှိတဲ့သူတစ်ဦး ပြောပြခဲ့တာကတော့ –

> "အန်တီတို့မှာက စိတ်မကောင်းဖြစ်ရတဲ့အတိုင်း ညဘက်မှာပဲ အိပ်ရမယ်ဆိုတော့ လမ်းမှာပဲ အိပ်ရတော့မယ်၊ ဘယ်ကျောင်းမှလည်း လက်မခံဘူးဆိုတော့ အန်တီတို့ခြံနားက လှူတဲ့လူနဲ့ အဲဒီမှာပေါ့နော်၊ ဝတ္ထုတွေလာကပ်တဲ့ သူတွေနဲ့ပေါ့နော်၊ အဲဒီမှာတော့ စုံနေတာပဲ၊ တချို့ လာပြီးတော့ ကပ်ကြတယ်ပေါ့နော်၊ လာကြည့်တဲ့သူတွေကလည်း အများကြီး၊ အဲလိုမျိုးတွေ ရောက်ရောက်လာကြတယ်။"

ဒီ့နောက် မဂ္ဂင်ဆရာတော်ကြီးကို သူ့ရဲ့ ဒကာ၊ ဒကာမတွေက ရန်ကင်းမြို့နယ်ထဲမှာရှိတဲ့ ဘုန်းကြီးကျောင်း တစ်ကျောင်းကို ပို့ခဲ့ပုံကိုလည်း ဆက်ပြောပြပါတယ်။

> "ဘုန်းကြီးရဲ့ ဒကာတစ်ယောက်ကနေပြီးတော့ သူတို့ရဲ့အသိ ကျောင်းတစ်ကျောင်းကို လျှောက်တော့ နေခွင့်ပြုပါပေါ့နော်၊ ခဏလောက်နေခွင့်ပြုပါဆိုတော့ ဘုန်းကြီးတွေက – အကုန်လုံးက ပြောပြီးသားလေ။ သူတို့ကျောင်းတွေကို လက်မခံနဲ့လို့ပြောထားတော့၊ ခဝတ တို့၊ မဝတ တို့က ခွင့်ပြုချက်ရမှ သူတို့က လက်ခံရဲမယ်လေ။ ဘယ်သူကမှလည်း လက်ခံတာမျိုးကို လက်မှတ်လည်းထိုးမပေးတော့ ခွင့်ပြုချက် မပေးတော့ သူတို့ကလည်း မထားရဲဘူးဖြစ်နေတယ်။ ဒါပေမယ့် ဒကာတွေက သူတို့ကိုထားပါရစေပေါ့၊ ခဏလောက် ကျောင်းရှာပြီးရင် ပြန်ပြီး ဒီကျောင်းကနေပြီးတော့ ပြောင်းပေးပါ့မယ်ဆိုပြီး အဲဒီလိုပေါ့၊ ရန်ကင်းစိုက်ပျိုးရေးကျောင်းတဲ့။ အဲဒီမှာ ခဏသွားထားလိုက်တယ်။ ညတုန်းက ၈ နာရီလောက်ကပေါ့နော်။"

မဂ္ဂင်ဆရာတော်ကြီးနဲ့အတူပါလာတဲ့ ကိုရင်ခြောက်ပါးထဲက ငါးပါးကတော့ နီးစပ်ရာဆွေမျိုးတွေက လာရောက်ခေါ်ဆောင်သွားတယ်လို့ဆိုပါတယ်။

> "ကိုရင်လေး ခြောက်ပါးကျတော့၊ တချို့ကိုရင်လေးတွေကျတော့ မိဘတွေကို ကြိုပြီး အကြောင်းကြားထားလားမသိဘူး၊ အဲဒါ သူတို့ထဲက ငါးပါးကို မိဘတွေကလာခေါ်သွားတော့ အဲဒါ ကိုရင်လေး တစ်ပါးနဲ့ ဘုန်းကြီးတစ်ပါးပဲ ကျန်ခဲ့တော့တယ်။"

မဂ္ဂင်ဆရာတော်ကြီး ၁၄-၁၅ လမ်းဆုံမှာထိုင်နေတုန်း အရပ်ဝတ်နဲ့ အာဏာပိုင်တွေကလည်း မပြတ်စောင့်ကြပ်ကြည့်ရှုနေတယ်လို့ဆိုပါတယ်။ မဂ္ဂင်ဆရာတော်ကြီးကို သူ့ရဲ့ဒကာ၊ ဒကာမတွေက လာရောက်ခေါ်ဆောင်သွားချိန်မှာလည်း ခေါ်ဆောင်သွားတဲ့ကားနောက်ကနေ အာဏာပိုင်တွေက လိုက်ပါသွားခဲ့ကြောင်း မျက်မြင်တွေက ပြောပါတယ်။ အခုချိန်ထိ မဂ္ဂင်ဆရာတော်ဟာ ရန်ကင်းကဘုန်းကြီးကျောင်းမှာပဲ ဆက်လက် တည်းခိုနေဆဲဖြစ်ပြီး အာဏာပိုင်တွေကတော့ စောင့်ကြပ်ကြည့်ရှုနေဆဲလည်းဖြစ်ပါတယ်။